# သွားလာပြီးလိမ်ညာနေသူများ

သွားလာပြီးလိမ်ညာနေသူများဆိုသည်မှာ၊ နေအိမ်များနှင့် လုပ်ငန်းငယ်များတွင် တခါးခေါက်ပြီး၊ ပြင်စရာ လုပ်စရာများကို လုပ်ပေးနိုင်ကြောင်းပြောဆိုလာသည့် လက်လုပ် လုပ်သားများဖြစ်ပါသည်။

ရာသီဥတုပိုပြီးပူနွေးသောကာလများနှင့် ရေဘေး၊ မီးဘေး သို့မဟုတ် လေဘေး စသည့်ဖြစ်ချိန်များ၌ ယင်းဒဏ်ခံရသူများက သူတို့၏ အိမ်ယာများကို သန့်ရှင်းရေး သို့မဟုတ် ပြင်ဆင်ရေးလုပ်ကိုင်စဉ် ထိုသူတို့ ပိုပြီးရောက်လာတတ်ပါသည်။

သွားလာပြီး လိမ်ညာနေသူများက အိမ်အဝင်ကားလမ်းမျက်နှာစာပြန်ပြုပြင်ရေး၊ ဆေးသုတ်ရေး၊ အမိုးပြင်ရေးနှင့် ကော်ဇောသန့်ရှင်းရေး စသည်တို့ကို၊ စရိတ်သက်သာစွာ လုပ်ကိုင်ပေးရန် ကမ်းလှမ်းလာတတ်သည်။ များသောအားဖြင့်၊ လူအများကို မြန်မြန်ဆုံးဖြတ်ရန် -ဒီနေ့အတွက်သာ- အထူးဈေးနှုန်းဟု ဖိအားပေးပါသည်။

### ထိုလူများကို သင်ဘာကြောင့် ရှောင်သင့်သလဲ။

သွားလာပြီး လိမ်ညာနေသူများသည် အလုပ်မစမီ၊ ငွေခြေရန်တောင်းဆိုပြီး၊ သင်ကပေးခြေပြီးသည့်နှင့်၊ များသောအားဖြင့် ပျောက်ကွယ်သွားလေ့ရှိပါသည်။

အကယ်၍၊ အလုပ်ကိုလုပ်ခဲ့သည့်တိုင်အောင်၊ မပြီးစီး သို့မဟုတ် အဆင့်မမီ လုပ်ကိုင်မှုများပါသည်။

သူတို့သည် တခြားသို့လျှင်မြန်စွာထွက်ခွါသွားတတ်ပြီး၊ သူတို့၏ ပထမအမည်နှင့် မိုဘိုင်းလ်နံပါတ်လောက်သာပေးလေ့ရှိသဖြင့် - နောက်မှ ဆက်သွယ်ရန်ခက်ခဲပါသည်။

### သင်ဘာတွေသတိထားသင့်သလဲ။

သင့်အနေနှင့်အောက်ပါ လူစားများကို မသင်္ကာစရာဖြစ်ပါ။

- မမျှော်လင့်ထားဘဲ သင့်တံခါးကိုခေါက်ပြီး
    - အိမ်ဆေးသုတ်ရန်
    - သင့်ခြံအတွင်း အလုပ်လုပ်ရန် သို့မဟုတ် သစ်ပင်များခုတ်ရန်
    - အိမ်အဝင်ကားလမ်းမျက်နှာစာပြန်ခင်းရန်
    - အိမ်အမိုးပြင်ရန်
- ဈေးပေါသည့်အရာများကို -ဒီနေ့အတွက်သာ-ဟု ပြောပြီးဆွယ်လာလျှင်
- လုပ်ငန်းမစမီငွေအရင်ခြေရန် ပြောလာလျှင်
- ငွေအရင်ခြေရန်အတွက် သင့်ကို ဘဏ်သို့ကားမောင်းပို့ပေးမည်ဟု ကမ်းလှမ်းလာလျှင်
- သူတို့လုပ်ပေးနိုင်သည်ကို သင်က လက်ခံရန် ဖိအားပေးလာလျှင်
- သင့်အနီးဝန်းကျင်မှ သူတို့ အလုပ်ပယ်ဖျက်သွား၍၊ သင့်အတွက် ယခုအလုပ်လုပ်ပေးနိုင်ပြီဟု ပြောလာလျှင် - စသည်တို့ ပါဝင်ပါသည်။

### သွားလာပြီးလိမ်ညာသူများမှ၊ သင့်ကိုယ်ကို ကာကွယ်ရန် - သတိထားရန်အချက်များ

သွားလာပြီးလိမ်ညာနေသူ တစ်ဦးတခါးခေါက်နေသည်ဟု ထင်လျှင်၊ မထူးပါနှင့်။

သူတို့နှင့် စကားပြောဖြစ်လျှင်၊ ထွက်သွားခိုင်းပါ။ ထွက်သွားရန် ငြင်းဆန်လျှင်၊ သူတို့သည် ဥပဒေချိုးဖောက် နေပါသည်။

ဈေးပေါသည့်စကားပြောလာလျှင် လက်မခံပါနှင့်။ ရေရှည်တွင်ပိုပြီး ကုန်ကျနိုင်ပါသည်။ သင့်အိမ်တွင် လုပ်ကိုင်စရာရှိလျှင် -

- သင့်အတွက် ဟန်ကျမည့် နှုန်းရရန်လျှောက်စုံစမ်းပါ။
- ကုန်ကျစရိတ်ကိုကြိုတင်ရေးသားပေးသော အတည်တကျရှိပြီးသား လက်မှုလုပ်ကိုင်သူများကိုသာ သုံးပါ။

- သူတို့အတွက် ထောက်ခံထားသူများကို စစ်ဆေးနိုင်ရန်၊ ယခင်သူတို့၏ အလုပ်လက်ခံခဲ့သူများအား ဆက်သွယ်နိုင်သည့် နံပါတ်များ တောင်းဆိုပါ။
- သင် အဆင်သင့် မဖြစ်မချင်း၊ မည်သည့်စာရွက်စာတမ်းကိုမျှ လက်မှတ်မထိုးပါနှင့်။
- လက်မှုလုပ်သား၏ နံမည်အပြည့်အစုံနှင့် (သက်ဆိုင်လျှင်) လိုင်စင်သို့မဟုတ် မှတ်ပုံတင်နံပါတ်များ ကိုတောင်းပါ။ သို့မှ သူတို့၏ လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့အစည်းတွင် စစ်ဆေးနိုင်ပါသည်။
- သူတို့၏ လုပ်ငန်း၌ါန နံပါတ်ကိုတောင်းပါ။ သို့မှ လက်မှုလုပ်သားသည် ထိုလုပ်ငန်းအတွက် လုပ်နေမှုကို သေချာအောင် စစ်ဆေးနိုင်သည်။

အထူးသဖြင့် သဘာဝဘေးဒဏ်များဖြစ်ပြီးချိန်တွင်၊ -ဒီနေ့အတွက်သာ-ဈေးသက်သာမှုပေးလာသည့် သူများကို သတိပြုဆင်ခြင်ပါ။ ဘေးဒဏ်ဖြစ်လာချိန်၌ အကြံပေးမှုကို အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် Advice in a disaster စာမျက်နှာတွင်ကြည့်ပါ။

**သွားလာပြီးလိမ်ညာနေသူများကို အရေးယူမှု**

သင့်လူ့ဝန်းကျင်အတွင်း၊ ဤကဲ့သို့ မသမာလုပ်ကိုင်နေသူများကို ကျွန်ုပ်တို့အနေနှင့် ကူညီပြီးသတိပေးရန်၊ လူ့ဝန်းကျင် မီဒီယာ မြန်မာဘာသာဖြင့် ရေးသည့် စာစဉ်များ (Forums) ၌ထိုစာမျက်နှာကို လင့်ခ် (ဆက်စပ်ပေးမှု) လုပ်ပေးတင်ပြကြပါ။
သင့်ရပ်ကွက်အတွင်း ထိုသို့သွားလာလိမ်ညာနေသူ များကို သိပါက-

- o သူတို့၏နံမည်၊ ကားနံပါတ်စသည့်- အချက်အလက်တို့ကိုတတ်နိုင်သမျှမှတ်ယူပါ။
- o သွားလာလိမ်ညာသူများကို တိုင်ကြားရန် နိုင်ငံအနှံ့နံပါတ် (1300 133 408) ကို တနင်္လာမှ သောကြာ (အစိုးရရုံးပိတ်ရက်များမှလွဲ၍)၊ နံနက် ၈. ၃၀ မှ ညနေ ၅. ၀၀ အတွင်းခေါ်ပါ။
- o သင့်ရပ်ကွက်မြို့နယ်ရဲကို တိုင်ကြားပါ။
- o Twitter ဟက်ရှ် ခလုတ် # ကိုသုံးပြီး #stopconmen တွင် တွစ်ဒ်လုပ်ပါ။ ကျွန်ုပ်တို့ကို @consumervic တွင် လိုက်လံကြည့်ခြင်းဖြင့် သွားလာလိမ်ညာသူများအကြောင်း အသစ်တင်နေသည့် အကြောင်းအရာများကိုကြည့်ပါ။
- o Facebook.com/StopTravellingConMenရှိ (National Travelling Con Men Facebook) စာမျက်နှာ၌ တင်ပါ။